**ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ (၅၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကာလအတွင်း မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ၏ အစီရင်ခံစာ အပေါ် အပြန်အလှန် ဆွေးနွေးမှုနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ တုံ့ပြန်ချက်**
**(၂၀၂၃ ခုနှစ်၊ မတ်လ ၂၀ ရက်)**

- ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ (၅၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း ၂၀-၃-၂၀၂၃ ရက်တွင် မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူနှင့် အပြန်အလှန်ဆွေးနွေးမှုကို သက်ဆိုင်ရာမြန်မာနိုင်ငံကိုယ်စားပြု တက်ရောက်မှုမရှိဘဲ ပြုလုပ်ခဲ့သည်။ ယင်းမှာ လူ့အခွင့်အရေးကောင်စီ၏ အခြေခံမူများနှင့် ဆန့်ကျင်လျက်ရှိသည်။
- ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ အလေးပေး ဖော်ပြထားသည့် အထူးအစီရင်ခံစာတင်သွင်းသူ၏ အစီရင်ခံစာသည် ၎င်း၏လုပ်ပိုင်ခွင့်နှင့် ကျွမ်းကျင်မှုထက် ကျော်လွန်ကြောင်း မြန်မာနိုင်ငံက သတိပြုမိသည်။ ထို့အပြင် ကုလသမဂ္ဂတွင် အဆိုပါကိစ္စများကို ဆွေးနွေးရန် သီးသန့်အစည်းအဝေးများရှိသော်လည်း ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသို့ တင်သွင်းခြင်းမှာ အထူးအစီရင်ခံစာ တင်သွင်းသူ၏ လျော်ကန်မှုမရှိသည့် နောက်ထပ်လုပ်ရပ်တစ်ခုဖြစ်သည်။
- လူ့အခွင့်အရေးကောင်စီ၏ လက်ရှိအစည်းအဝေးသို့ မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ အထူးအစီရင်ခံစာတင်သွင်းသူ၏ အကန့်အသတ်မရှိ အစည်းအဝေးစာတမ်းများအပြင် လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးနှင့် အထူးအစီရင်ခံစာတင်သွင်းသူတို့၏ အစီရင်ခံစာ နှစ်စောင်ကို တင်သွင်းခဲ့သည်။ မြန်မာနိုင်ငံဆိုင်ရာ ယန္တရားများစွာရှိနေခြင်းကြောင့် ယင်းကဲ့သို့ လျော်ကန်မှုမရှိသည့် သို့မဟုတ် အပ်ကြောင်းထပ်နေသော အစီရင်ခံစာများကို ထွက်ပေါ်စေသည်။
- ဥပဒေချိုးဖောက်မှုများအတွက် တရားရင်ဆိုင်ရပြီး ထွက်ပြေးနေသူများရှိရာ ယင်းသို့ တရားမဝင် ထွက်ခွာသွားသူများကို မြန်မာနိုင်ငံက ဒုက္ခသည်များအဖြစ် ထည့်သွင်းစဉ်းစားခြင်းမရှိပါ။ အပြစ်မဲ့ပြည်သူ အမြောက်အမြားကို သတ်ဖြတ်မှုများနှင့် ယင်းသို့ ကျူးလွန်ရန် လှုံ့ဆော်မှုများအတွက် တာဝန်ရှိသူများကို နိုင်ငံအချို့နှင့် ကုလသမဂ္ဂအေဂျင်စီအချို့က ဒုက္ခသည်အဆင့်အတန်းပေးခြင်းမှာ လက်ခံဖွယ်မရှိကြောင်း ဖော်ပြအပ်သည်။ ထို့အပြင် နယ်စပ်ဖြတ်ကျော်မှုများနှင့် ရွှေ့ပြောင်းသွားလာမှုများသည် ကမ္ဘာတစ်ဝန်းတွင်ရှိရာ နိုင်ငံရပ်ခြားသွားရောက်သော မြန်မာနိုင်ငံသားများအား အကာအကွယ်လိုအပ်သူများအဖြစ် ကောက်ချက်ချခြင်းမှာ အခြေအမြစ်မရှိပေ။

- အထူးအစီရင်ခံစာတင်သွင်းသူသည် CRPH ၊ NUG နှင့် PDF အကြမ်းဖက်အဖွဲ့များ၏ ရက်စက်ကြမ်းကြုတ်သော သတ်ဖြတ်မှုများကို ကောင်းစွာသိရှိသော်လည်း ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်ကြိုးစားခဲ့သည်။ အကြမ်းဖက်သော လုပ်ဆောင်ချက်၊ နည်းလမ်းနှင့် အလေ့အထအားလုံးကို မည်သည့်နေရာတွင် မည်သူက ကျူးလွန်သည်ဖြစ်စေ လက်သင့်မခံနိုင်သော ရာဇဝတ်မှုအဖြစ် နိုင်ငံတကာအသိုက်အဝန်းက ရှုတ်ချရန် လိုအပ်သည်။ သို့ရာတွင် ကလေးသူငယ် ၁၅၆ ဦး ၊ ပညာရေးဝန်ထမ်း ၇၁ ဦး၊ ဆေးဘက်ဆိုင်ရာဝန်ထမ်း ၁၅ ဦးနှင့် ဒေသခံအုပ်ချုပ်ရေးမှူး ၇၄၄ ဦး အပါအဝင် အပြစ်မဲ့ အရပ်သား ၅,၂၄၇ ဦးကိုသတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများကိုပင် သူရဲကောင်းများအဖြစ် အထူးအစီရင်ခံစာတင်သွင်းသူက အမွှမ်းတင်ထားသည်။
- နိုင်ငံတော်၏တာဝန်ကိုစတင်ယူချိန်မှစ၍ အစိုးရသည် အကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ လိုအပ်သော လုံခြုံရေးအစီအမံများ ဆောင်ရွက်ရာတွင် အနည်းဆုံးအင်အားဖြင့် အတတ်နိုင်ဆုံး ထိန်းသိမ်းလျက်ရှိသည်။ တပ်မတော်သည် ၂၀၁၈ ခုနှစ်မှစ၍ ကြိုတင်ကန့်သတ်ချက်မထားသော တစ်ဖက်သတ်အပစ်အခတ်ရပ်စဲရေးကို ကြေညာခဲ့ပြီး အကြမ်းဖက်အဖွဲ့များက ပြည်သူများ၏ အသက်နှင့် အိုးအိမ်စည်းစိမ်ကို ခြိမ်းခြောက်ခြင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ခြင်းတို့တွင်သာ မိမိကိုယ်ကို ကာကွယ်ဆောင်ရွက်ခြင်း ဖြစ်သည်။
- ပင်လောင်းမြို့နယ်၊ နမ့်နိမ်ကျေးရွာ၌ ၁၁-၃-၂၀၂၃ ရက်က ဖြစ်ပွားခဲ့သည့် သတ်ဖြတ်မှုများမှာ ပအို့ဝ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ငြိမ်းချမ်းတည်ငြိမ်မှုကို ဖျက်ဆီးရန် ရည်ရွယ်ချက်ဖြင့် KNPF ၊ KNPP ၊ PDF အကြမ်းဖက်အဖွဲ့များက ကျူးလွန်ခဲ့ခြင်းဖြစ်သည်။ ဖြစ်စဉ်အသေးစိတ်ကို ၁၄-၃-၂၀၂၃ ရက်ထုတ် နေ့စဉ်သတင်းစာတွင် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ ပအို့ဝ်တိုင်းရင်းသားများက အကြမ်းဖက်အဖွဲ့များ၏ လူမဆန်သော လုပ်ရပ်များကို ရှုတ်ချသည့် ဆန္ဒထုတ်ဖော်ပွဲကို ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၌ ၁၅-၃-၂၀၂၃ ရက်တွင် ပြုလုပ်ခဲ့သည်။
- မြန်မာနိုင်ငံ၏အခြေအနေသည် နိုင်ငံတကာနှင့်ဒေသတွင်း ငြိမ်းချမ်းရေးကို ခြိမ်းခြောက်မှုမရှိသကဲ့သို့ လုံခြုံရေးကောင်စီ၏ လုပ်ပိုင်ခွင့်အတွင်း ကျရောက်ခြင်း မရှိသည့်အတွက် အထူးအစီရင်ခံစာတင်သွင်းသူ၏ လုံခြုံရေးကောင်စီသို့ အကြံပြုချက်များမှာ လုံးဝ ဆီလျော်မှုမရှိပါ။ တစ်ဖက်သတ် အရေးယူမှုများ၊ စီးပွားရေးပိတ်ဆို့မှုများနှင့် နိုင်ငံတစ်နိုင်ငံကို အထီးကျန်စေရန် ပြုလုပ်မှုများသည် သာမန်ပြည်သူလူထု၏ အကျိုးစီးပွားကို ထိခိုက်စေသည်။ မြန်မာနိုင်ငံအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုများချမှတ်ရန်နှင့် အထီးကျန်စေရန် အထူးအစီရင်ခံစာတင်သွင်းသူ၏ တောင်းဆိုမှုများမှာ မြန်မာပြည်သူများကို ထိခိုက်နစ်နာစေရန် ဖြစ်သည်။

- သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် အထူးအစီရင်ခံစာတင်သွင်းသူ၏ မျှတမှုမရှိစွာ စွက်ဖက်ထားသော အကြံပြုချက်များနှင့် ၎င်း၏ တစ်ဖက်သတ်တင်ပြချက်တွင် ပါဝင်သော စွပ်စွဲချက်များကို ပြင်းထန်စွာ ကန့်ကွက်ပယ်ချသည် ။
- အစီရင်ခံစာ စာရွက်စာတမ်းအမှတ် A/HRC/52/66 နှင့်ပတ်သက်၍ လေ့လာတွေ့ရှိချက် အသေးစိတ်ကို မြန်မာအဖွဲ့ရုံး၊ ဂျီနီဗာမြို့၏ တရားဝင်အင်တာနက်စာမျက်နှာတွင် ဖော်ပြထားသည်။

**ကုလသမဂ္ဂရုံးနှင့်အခြားနိုင်ငံတကာအဖွဲ့အစည်းများဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး ဂျီနီဗာမြို့**